## Minutes of Myanmar Language Information Management Network Meeting
*29th Nov 2023, 2PM MMT, online via Zoom*

## Agenda

1. Saving for Transformation (*World Vision)*
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: WVM, AHRN, AMDA, BS, CARE, CPAOR, CA, COAR, CPI, DRC, GH, GNI, ICRC, JOICFP, MA-UK Myanmar, Mercy Corps, MIMU, MEDG, NC, NAG, Nyein, Plan, PUI, UNICEF, WHO

WHMF (35 participants from 26 organizations)

## 1. Saving for Transformation *(World Vision)*

World Vision မှ S4T ကို မိတ်ဆက်ခြင်း၊ လုပ်ဆောင်မှု အဆင့်ဆင့်၊ ရီပို့ နှင့် SWOT အစီအစဉ် ၄ ခု ပါဝင်သော Saving for Transformation ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားခဲ့ပါသည်။

မိသားစုများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ရင်းနှီးမြုပ်နှံမှုနဲ့ စုဆောင်းမှု လုပ်ဆောင်နိုင်ရန်၊ စုဆောင်းလာတဲ့ငွေကို အချင်းချင်း ပြန်လည်မျှဝေ ထုတ်ချေးနိုင်ဖို့အတွက် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပလက်ဖောင်းတစ်ခုအနေနဲ့ ရည်ရွယ်ပြီး လုပ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် community တွင် အဆင်မပြေသော မိသားစုများ၊ ဘေးဖယ်ခံထားရသော မိသားစုများနှင့် မသန်မစွမ်း မိသားစုများ၊ ယုံကြည်မှုမရှိခံထားရသော မိသားစုများ ပါဝင်ခြင်းဖြင့် အနာဂတ်မှာ အာမခံချက်ရှိလာစေမည့် အစီအစဉ်ဖြစ်ပါသည်။ ဒီအစီအစဉ်ကို လုပ်ခြင်းအားဖြင့် အခြားနေရာများတွင် ငွေတိုးကြီးများ ချေးစရာ မလိုတော့ဘဲ မိသားစု အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ပြီး ငွေကြေးလိုအပ်ပါက ခံနိုင်ရည်တည်ဆောက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အဓိက ရည်ရွယ်ချက်မှာ ငွေစုတတ်သော အလေ့အကျင့် ဖြစ်စေရန် ၊ ငွေစုလာပြီး စုငွေထဲမှ ပြန်လည်ထုတ်ချေးတဲ့ စနစ် ၁ ခု ဖြစ်သည်။ အဖွဲ့အစည်းမှ မတည်တာမျိုး မဟုတ်ဘဲ အဖွဲ့မှာ ပါသူများသ မိမိတို့ ဆန္ဒအလျောက် စိတ်တူကိုယ်တူ အဖွဲ့များဖွဲ့ပြီး အဖွဲ့ ရေရှည်တည်တံ့ခိုင်မြဲဖို့နဲ့ motivation တက်လာဖို့ လုပ်သော အစီအစဉ် ဖြစ်သည်။ အရေအတွက် ၁၅ ဦး ကနေ ၂၅ ဦး အဓိက ပါဝင်လေ့ရှိသည်။ အတန်းပညာ မရှိသူများအတွက်ပါ အဆင်ပြေအောင် ရိုးရှင်းသော စာရင်းစာနစ်များဖြင့် တည်ဆောက်ထားပြီး အဖွဲ့ ၁၁ သန်းကျော်ရှိသော ထိုအစီအစဉ် အကြောင်း အစီအစဉ် ၄ ခုဖြင့် အသေးစိတ် ရှင်းလင်းပြောပြ ဆွေးနွေးသွားပါသည်။

## 2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**JOICFP ။** ကိုယ်ဝန်ဆောင်များအတွက် World Vision ကဲ့သို့ အလားတူ Project များကို ဝါးခယ်မ၊ အိမ်မဲ တွင် လုပ်ဆောင်ခဲ့ပါသည်။

**WASH ။** Quarter3 Reporting ပြီးသွားပါပြီး Report အားလုံးကို WASH Cluster Website တွင်တင်ထားပါသည်။ ဒီနှစ်မှစပြီး funding information များကောက်ပြီး website ပေါ်သို့ အချို့ကိစ္စများကြောင့် မတင်တော့ပါ။ Internal Cluster Partner များအတွက် funding information များquarterly ကောက်ယူနေပါသည်။ Humanitarian Cluster များအားလုံး data collection system ကို activity info နဲ့ လုပ်နေပါသည်။ လက်ရှိ Quarter3 data ကို activity info မှာ data collection ဆောက်လုပ်ပြီး upload လုပ်နေပါသည်။ WASH Cluster ရဲ့ initiate တစ်ခု က Global WASH Cluster နှင့်ပေါင်းပြီး accountability quality assurance survey ကို ရခိုင်တွင် ၅/၆ လပိုင်းက စလုပ်ခဲ့ပါသည်။ second quarter တစ်ခုစာ data များဖြင့် Power BI dashboard လုပ်နေပါသည်။ Global Wash Cluster နဲ့ တိုင်ပင်ပြီး ပိုကောင်းအောင် လုပ်နေပြီး ပြီးသွားပါက Global Wash Cluster Website မှာလဲ တင်ပါမည်။

**CARE ။** ယခုနောက်ပိုင်း Humanitarian Project များသာရှိပါသည်။ အများဆုံးအနေဖြင့် Multi-Purpose Cash Assistance လုပ်ပြီး၊ Shelter/NFI အနေနဲ့ Hygiene Kit တွေဝေပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် ငွေကြေးထောက်ပံ့ပေးတာမျိုးရှိပါသည်။ S4T အနေဖြင့် စမ်းနေတာလဲ ရှိပါသည်။

**CPI ။** ဒီ Quarter တွင် MEL System Assessment Tool ကို ဖန်တီးထားပါသည်။ အတူတူ တွဲလုပ်နေသော Partner များကို tool ကို Assessment လုပ်ထားပါသည်။ လိုအပ်လျှင် သက်ဆိုင်ရာ organization များအတွက် MEL Ststem Assessment Tool Manual များရေးပေးပါသည်။ Google Studio နဲ့ ပတ်သတ်သော Basic Training ကို CPI ဝန်ထမ်းများ၊ Partner organization များကို ပေးပါသည်။
Google Data Studio (Myanmar Data Science) -
https://www.youtube.com/playlist?list=PLD_eiqVVLZDggTRb7gB-zwhuprmdoHxLH

**MIMU။** ယခု December တွင် IM Workshop Training ကို ဒီဇင်ဘာ ၁၂ မှ ဒီဇင်ဘာ ၁၅ ရက် အထိ ၄ ရက် Training နှင့် QGIS Training ကို ဒီဇင်ဘာ ၁၈ မှ ဒီဇင်ဘာ ၂၂ အထိ ၅ ရက် training ပြုလုပ်သွားပါမည်။ Advanced Excel Training ကို ဖေဖော်ဝါရီလတွင် ပြုလုပ်ရန် လျာထားပါသည်။ MIMU 5W ကို မကြာသေးမီက update လုပ်ထားပြီး Assessment Tracking ကို ဇန်နဝါရီလတွင် update လုပ်ပါမည်။ PCode ကို Agency များနဲ့ ပူးပေါင်းပြီး အထူးသဖြင့် တနင်္သာရီတိုင်းရှိ ကျေးရွာများကို update လုပ်နေပါသည်။ ကျေးရွာ updates များကို version 9.5 အနေဖြင့် launch လုပ်ပါမည်။ International Report များမှ ရရှိသော union level baseline dataset ကို MIMU မှာ Update တင်ပေးပါမည်။ လက်ရှိ ၁၀ နှစ်အတွင်း ဒေတာများ၊ indicator များကို MIMU Baseline Data Page မှာ တင်ပေးထားပြီး MIMU base line metadata ကို Excel Format နဲ့ တင်ထားပေးပါသည်။

## 3. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ဇန်နဝါရီလ နောက်ဆုံးအပတ် ၃၁ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။